# Melton မြို့တော်၏ ငယ်ရွယ်သော လူမှုအသိုင်းအဝိုင်းများ

Melton မြို့တော်ကောင်စီသည် လူမှုအသိုင်းအဝိုင်းအတွင်းရှိ လူငယ်လူရွယ်များနှင့် ၎င်းတို့၏မိသားစုအား အမျိုးမျိုးသော အထောက်အပံ့နှင့်ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးပါသည်။ အကယ်၍ သင် သို့မဟုတ် သင် သိရှိသူတစ်ယောက်ယောက်သည် ဆက်သွယ်လိုလျှင် သင့်အနေဖြင့် Melton တွင်တည်ရှိသည့် Melton Youth Centre သို့မဟုတ် Taylors Hill တွင်တည်ရှိသည့် Taylors Hill Youth & Community Centre ကိုဖုန်းဆက်နိုင်သည် သို့မဟုတ် လာရောက်နိုင်သည်။ ကျွန်ုပ်တို့ မည်သည့်အရာကို လုပ်သည် နှင့် သင့်အနေဖြင့် ကျွန်ုပ်တို့အား မည်ကဲ့သို့ ဆက်သွယ်နိုင်သည်ကို အောက်တွင်ဖော်ပြထားသည်။

<u>လူငယ် ဖွံ့ဖြိုးရေးနှင့် အထောက်အပံ့</u>

**ဆယ်ကျော်သက်အရွယ် ကျောင်းပိတ်ရက်ရှည် အစီအစဉ်**

အသက် 13 – 17 နှစ် လူငယ်လူရွယ်များအတွက် ကျောင်းပိတ်ရက်ရှည်တိုင်း အမျိုးမျိုးသော လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးသည်

**လာရောက်နိုင်သည့် အစီအစဉ်များ**

Melton Facility- အသက် 12-17 နှစ် နှင့် အသက် 18-25 နှစ်

Taylors Hill Facility- အသက် 11-17 နှစ် နှင့် အသက် 18-25 နှစ်

**The Space (GLBTIQ)**

အသက် 12–25 အရွယ် လူငယ်လူရွယ်များအတွက် မိမိတို့၏ လိင်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် လိင်ပိုင်းဆိုင်ရာတည်ရှိမှုတို့နှင့်ပတ်သက်သည့် မေးခွန်းများ မေးနိုင်သည့် လူမှုရေးဆိုင်ရာ အထောက်အပံ့ပေး အုပ်စုတစ်ခုဖြစ်သည်။

**6801 Outreach**

မိမိတို့၏ ဘဝ၌ အခက်အခဲ အမျိုးမျိုးကို ကြုံတွေ့နေရသည့် အသက်  12-25 နှစ် အရွယ်ရှိ လူငယ်လူရွယ်များကို ကူညီပံ့ပိုးပေးသည်။

**Freeza Committee**

တီးဝိုင်းတေးဂီတ တီးခတ်သီဆိုမှုကို လုပ်ဆောင်ရာ၌ စိတ်ဝင်းစားသည့် အသက် 14-25 အရွယ် လူငယ်လူရွယ်များ

<u>လူငယ် စီမံကိန်းများ</u>

**ရာဇဝတ်မှု တားဆီးရေး (Crime Prevention) – UTURN193**

တရားဥပဒေနှင့်ရဲတို့နှင့် ပြဿနာများရှိနေနိုင်သော အသက် 10-24 နှစ်အရွယ် လူငယ်လူရွယ်များ

**ကောင်းရာညွှန်ပြခြင်း**

အသက် 12-25 နှစ်အရွယ် လူငယ်လူရွယ်များနှင့် လူကြီးအရွယ် ကောင်းရာညွှန်ပြသူများ အကြား ကောင်းမွန်ပြီး ယုံကြည်ကိုးစားရသည့် ဆက်ဆံရေးများကို တည်ဆောက်ခြင်း

**ပြန်လည်ဆက်သွယ်ခြင်း (Reconnect)**

အသက် 12-18 နှစ်အရွယ် လူငယ်လူရွယ်များအား သူတို့၏ မိသားစု ဆက်ဆံရေးများ နှင့်/သို့မဟုတ် အိမ်ရာအခြေအနေတို့ကို တိုးမြှင့်ပေးစေရန် ကူညီပေးခြင်း

ပိုမိုသိရှိရန် Melton Youth Online Directory တွင်ကြည့်ရှုပါ။

**တည်နေရာများ**

Melton Youth Facility

193 Barries Road, Melton
**ဖုန်း-** 9747 5373

Taylors Hill Youth and Community Centre

121 Calder Park Drive, Taylors Hill
**ဖုန်း-** 9747 5422